## နိုင်ငံပိုင်ဘဏ်များနှင့် ထိုင်းနိုင်ငံဘဏ်များအကြား ဘဏ်လုပ်ငန်း ဆက်သွယ်ဆောင်ရွက်မှု

## သတင်းထုတ်ပြန်ချက်

(က) မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် မြန်မာနိုင်ငံ၏ ပြည်တွင်းပြည်ပ ငွေကြေးလွှဲပြောင်းမှုများသည် မြန်မာနိုင်ငံသားများအတွက် အဓိကမရှိမဖြစ် လိုအပ်သော အခြေခံကုန်စည်များ၊ လုပ်ငန်းသုံးပစ္စည်းများ တင်သွင်းရန်အတွက် ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

(ခ) မြန်မာနိုင်ငံသားများသည် ထိုင်းနိုင်ငံတွင် ကျန်းမာရေးဆိုင်ရာ ဆေးကုသမှု ခံယူရန် ၊ ထိုင်းနိုင်ငံရှိ တက္ကသိုလ်များတွင်ပညာဆည်းပူးရန်၊ ထိုင်းနိုင်ငံတွင် တရားဝင်အလုပ်လုပ်ကိုင်နေသူများမှ ၎င်းတို့၏ မိသားစုထံသို့ လုပ်ခလစာများ ဘဏ်လမ်းကြောင်းမှတစ်ဆင့် ပြန်လည်လွှဲပို့ရန်တို့အတွက် ထိုင်းနိုင်ငံရှိ ဘဏ်များတွင် ဘဏ်ငွေစာရင်းဖွင့်လှစ်ခြင်းကို သက်ဆိုင်ရာ ဘဏ်များ၏ မူဝါဒ ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုအပ်သော အထောက်အထားများ တင်ပြလျှောက်ထား၍ ဘဏ်စာရင်းဖွင့်လှစ် ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

(ဂ) နိုင်ငံပိုင်ဘဏ်များအနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချမှတ်ထားသည့် ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူများ၏ အချက်အလက်များအား သေချာစွာ စိစစ်ရယူခြင်းဆိုင်ရာ (Due Diligence Procedure) များကို တိကျစွာ လိုက်နာဆောင်ရွက်လျက် ရှိပါသည်။ နိုင်ငံပိုင်ဘဏ်များသည် အပြည်ပြည်ဆိုင်ရာ အဆက်အသွယ်ဘဏ်များနှင့် ပြည်တွင်းပြည်ပ ငွေကြေးလွှဲပြောင်းမှုများကို ဆောင်ရွက်ပေးရာတွင် ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ဆောင်ရွက်ခြင်း (Customer Due Diligence - CDD) ၊ လိုအပ်သည့် အထောက်အထားများအား ရယူ၍ အလေးထားစိစစ်ခြင်းကို တိုးမြှင့်ဆောင်ရွက်ခြင်း (Enhanced Due Diligence – EDD) များအား အလေးထားဆောင်ရွက်လျက်ရှိပါသည်။

(ဃ) ထိုင်းနိုင်ငံဘဏ်များနှင့် မြန်မာ့စီးပွားရေးဘဏ်တို့အကြား နိုင်ငံတကာဘဏ်လုပ်ငန်းများ စဉ်ဆက်မပြတ် တိုးတက် ကောင်းမွန်စေရန် စနစ်တကျဆောင်ရွက်လျက်ရှိကြောင်း သတင်း ထုတ်ပြန်အပ်ပါသည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(၂-၉-၂၀၂၄)